# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 27, 2024 Volume 79, Number 18

၂၇.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၂၉၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၇.၀၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၄.၁၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၉.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၉၀၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ထိုင်းနယ်စပ်ကုန်သွယ်မှုလမ်းကြောင်းသစ်အဖြစ် ရန်ကုန်-ကော့သောင်း-ရနောင်း ကွန်တိန်နာသင်္ဘော ပြေးဆွဲမည်ဖြစ်ပြီး ဇွန် ၂၈ ရက်တွင် ပြောင်းဆန်များ သယ်ဆောင်၍ ရနောင်းဆိပ်ကမ်းသို့ ထွက်ခွာရန်စီစဉ်




ထိုင်းနယ်စပ် ကုန်သွယ်မှုလမ်းကြောင်းအသစ်အဖြစ် ရန်ကုန်-ကော့သောင်း-ရနောင်းကွန်တိန်နာ သင်္ဘောပြေးဆွဲမည်ဖြစ်ပြီး ဇွန် ၂၈ ရက်တွင် ပြောင်းဆန်များ သယ်ဆောင်ကာ ရနောင်းဆိပ်ကမ်းသို့ ထွက်ခွာရန် စီစဉ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ထိုင်းနယ်စပ် ကုန်သွယ်မှုလမ်းကြောင်းအသစ်ဖြစ်သည့် ရန်ကုန်-ကော့သောင်း-ရနောင်း ကွန်တိန်နာစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မှုကို ၂၀၂၄ ခုနှစ် ဇွန်တွင် စတင်တော့မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

GOLDEN SHIPPING AGENCY SERVICES LIMITED မှ သင်္ဘောဖြစ်သည့် MV. Beypore Sultan သည် မြန်မာပို့ကုန် ပြောင်းဆန်များ သယ်ဆောင်ပြီး ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းသို့ ၂၀၂၄ ခုနှစ် ဇွန် ၂၈ ရက်တွင် ထွက်ခွာရန် စီစဉ်ထားရှိကြောင်း သိရသည်။

အပြန်တွင် ရနောင်းဆိပ်ကမ်းမှ သွင်းကုန်ပစ္စည်းများ သယ်ဆောင်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာမည်ဖြစ်ကြောင်းသိရသည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှု လမ်းကြောင်းအသစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်းနှင့် ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ၁/၂၀၂၄ ပါ စံပြုလုပ်ငန်းစဉ်

များကို လေ့လာနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အသိပေးထားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၅၄၆၅ ဒသမ ၁၇၃ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၃၂၇၇ ဒသမ ၅၇၅ သန်းတင်ပို့ထားပြီး ထိုင်းဘက်မှ သွင်းကုန်ဒေါ်လာ ၂၁၈၇ ဒသမ ၅၉၈ သန်းတင်သွင်းထားသည်။

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၂၉၅၈ ဒသမ ၀၃၉ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၅၅၉ ဒသမ ၄၅၄ သန်းတင်ပို့ထားပြီး ထိုင်းဘက်မှ သွင်း ကုန်တန်ဖိုးဒေါ်လာ ၁၃၉၈ ဒသမ ၅၈၅ သန်း တင်သွင်းထားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သွယ်မှုဒေါ်လာ ၅၀၇၄ ဒသမ ၇၀၇ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၂၈၄၆ ဒသမ ၀၆၆ သန်း တင်ပို့ထားပြီး ထိုင်းဘက်မှသွင်းကုန်တန်ဖိုး ဒေါ်လာ ၂၂၂၈ ဒသမ ၆၄၁ သန်း တင်သွင်းထားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၄၂၈၈ ဒသမ ၁၇၂ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၂၂၁၂ ဒသမ၂၃၄ သန်း တင်ပို့ထားပြီး ထိုင်းဘက်မှသွင်းကုန်တန်ဖိုး ဒေါ်လာ ၂၀၈၅ ဒသမ ၉၃၈ သန်း တင်သွင်းထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော၊ အခြားကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ ပြည်ပနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းစသည်တို့ကို အဓိကတင်သွင်းနေခြင်းဖြစ်သည်။

**Source:** https://news-eleven.com/

## သုံးလနီးပါးကာလအတွင်း လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရရှိ

လက်ရှိ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်ဖြစ်သည့်ဧပြီ ၁ ရက်မှ ဇွန် ၁၄ ရက်အထိ သုံးလနီးပါးကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉ ဘီလီယံရရှိခဲ့ပြီး ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၇၃၁ သန်း တိုးလာခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းအချက်အလက်များ အရသိရသည်။

မြန်မာနိုင်ငံသည် ပြည်ပသို့ လယ်ယာထွက်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းနှင့် စက်မှုကုန်ချောပစ္စည်းစသည်တို့ကို အဓိကတင်ပို့နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စုစုပေါင်းပို့ကုန်ပမာဏသည် ဇွန် (၁၄)ရက်အထိ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံရှိကြောင်း ဝန်ကြီးဌာနအချက်အလက်များအရ သိရသည်။

**Source: Popular News Journal**

## မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းသစ် ၂၈.၆.၂၀၂၄ နေ့ စတင်မည်

ထိုင်းနိုင်ငံနဲ့ နယ်စပ်ကုန်သွယ်ရေးမှာ အရေးပါတဲ့ မြဝတီကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်သွယ်မှုလုပ်ငန်းတွေ ရပ်တန့်နေချိန်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရန်ကုန်-ကော့သောင်း-ရနောင်းလမ်းကြောင်းသစ်ကို စတင်တော့မယ်လို့ အသိပေးလာပါတယ်။

ရန်ကုန်မြို့ကနေ ပြောင်း၊ ရော်ဘာ၊ ရေထွက်ကုန်စတဲ့ ပို့ကုန်တွေကို ထိုင်းနယ်စပ် ကော့သောင်းမြို့အထိ ရေလမ်းကြောင်းကနေ ကွန်တိန်နာစနစ်နဲ့ ဆောင်ရွက်သွားဖို့ စီစဉ်ထားတာပါ။

Gold Shipping Agency Services Limited ပိုင် MV. Beypore Sultan သင်္ဘောဟာ မြန်မာပို့ကုန် ပြောင်းဆန်တွေ သယ်ဆောင်ပြီး ထိုင်းနိုင်ငံ၊ ရနောင်းဆိပ်ကမ်းကိုပို့ဆောင်ဖို့ ဇွန်လ ၂၈ ရက်မှာ ရန်ကုန်ဆိပ်ကမ်းကနေ စတင်ထွက်ခွာမှာပါ။

ပြောင်းဆန်တွေ ဆိပ်ကမ်းချပြီး အပြန်မှာ ရနောင်းဆိပ်ကမ်းကနေ သွင်းကုန်ပစ္စည်းတွေ သယ်ဆောင်ပြီး ရန်ကုန်ဆိပ်ကမ်းကို ရောက်ရှိမှာဖြစ်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန် ပါတယ်။

ရန်ကုန်-ကော့သောင်း-ရနောင်း ရေလမ်းကြောင်းကုန်သွယ်မှုကို ပြည်တွင်းကမ်းရိုးတန်းသွား သင်္ဘောတွေနဲ့ အရင်ကတည်းက အသုံးပြုနေကြတာဖြစ်ပြီး တရုတ်ကနေ တင်သွင်းလာတဲ့ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းတွေကိုလည်း ထိုင်းနိုင်ငံကိုကြားခံကာ ရနောင်းကနေ ပင်လယ်ရေကြောင်းနဲ့ ကော့သောင်း၊ အဲဒီကနေ ရန်ကုန်ကိုတင်သွင်းနေကြတာပါ။

မကြာခင်စတင်တော့မဲ့လမ်းကြောင်းသစ်ကနေ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေအနေနဲ့ ပို့ကုန်၊ သွင်းကုန်နဲ့ပတ်သက်တဲ့ သတင်းလွှာ ၁/၂၀၂၄ ပါ စံပြုလုပ်ငန်းစဉ်များကို လေ့လာနိုင်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေးထားပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုအတွက် မြဝတီလမ်းကြောင်းကို အားထားရာကနေ ယခုတော့ တနင်္သာရီဘက်က ကော့သောင်း၊ မြိတ်စတဲ့ နယ်စပ်လမ်းကြောင်းတွေကို ပြောင်းလဲအသုံးပြုလာပါတယ်။

ယခုဘဏ္ဍာနှစ် ၂ လကျော်အတွင်း မြဝတီစခန်းက ကုန်သွယ်မှု ၃၂၃ သန်းကျော် လျော့ကျသွားပေမဲ့ ကော့သောင်းစခန်းရဲ့ ကုန်သွယ်မှုက ဒေါ်လာသန်း ၄၀ ကျော်၊ မြိတ်စခန်းရဲ့ ကုန်သွယ်မှုက ဒေါ်လာသန်း ၂၀ ကျော်အထိ မြင့်တက်လာပါတယ်။

**Source: BETV Business**

## ဂျုံတင်သွင်းမှု ပိတ်ပင်ထားသည့် တူရကီနိုင်ငံ

အထွက်နှုန်း ကျဆင်းမှုအပေါ် ရိုက်ခတ်မှုများနှင့် ဈေးနှုန်းကျဆင်းမှုများကြောင့် လယ်သမားများကို ကာကွယ်ရန်၊ ပို့ကုန်အတွက် ကုန်ကြမ်းလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ဈေးကွက်တည်ငြိမ်မှုရှိရန် တူရကီနိုင်ငံသည် ဂျုံတင်သွင်းမှုကို ယခုနှစ် ဇွန်လ ၂၁ ရက်မှ အောက်တိုဘာလလယ်အထိ ရပ်တန့်ထားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဂျုံအများဆုံးတင်သွင်းသည့်နိုင်ငံမှ ယခုကဲ့သို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကမ္ဘာ့ဈေးကွက်၏ ရှိရင်းစွဲဈေးနှုန်း မတည်ငြိမ်မှုသည် ပိုမိုအတက်အကျများမည်ဖြစ်ပြီး တူရကီသို့ ဂျုံအများဆုံးတင်သွင်းသည့် ရုရှားနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများမည်ဖြစ်ပါသည်။ ကမ္ဘာ့ဂျုံ အများဆုံးတင်ပို့သူဖြစ်သည့် ရုရှားသည် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ထုတ်လုပ်မှုနှင့်တင်ပို့မှု အနည်းငယ်ကျဆင်းမည်ဟု ခန့်မှန်းချက်များကြောင့် ပြီးခဲ့သည့်သီတင်းပတ်များအတွင်း ဂျုံဈေးတက်သွားခဲ့သည်။ သို့သော် တူရကီက ဂျုံတင်သွင်းမှုကိုတားမြစ်ကြောင်းကြေညာခဲ့ပြီးနောက် ချီကာဂိုဂျုံစတော့ဈေးသည် ၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှစ၍ အပတ်စဉ်ပေါက်ဈေးတွင် အနိမ့်ဆုံးဖြစ်ခဲ့သည်။

တူရကီတွင် ဂျုံစတင်ရိတ်သိမ်းနေပြီဖြစ်သောကြောင့် တူရကီစာရင်းအင်းတက္ကသိုလ်၏ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ်အတွင်း ဂျုံထုတ်လုပ်မှုသည် ပြီးခဲ့သည့်နှစ်ကထက် ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းကာ တန်သန်းပေါင်း ၂၁ သန်း ထွက်ရှိမည်ဖြစ်ကြောင်း၊ ကောက်ပဲသီးနှံစုစုပေါင်း၏ တစ်နှစ်ပတ်လုံးထုတ်လုပ်မှုမှာ ၅ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကတည်းက ပိတ်ပင်ထားသည့် ပြည်တွင်းထုတ်ဂျုံမှ ထုတ်လုပ်သည့် ဂျုံမှုန့်တင်ပို့မှုကိုမူ ခွင့်ပြုမည်ဖြစ်ကြောင်း တူရကီလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက သိရသည်။ ကမ္ဘာ့ဂျုံမှုန့် အများဆုံးတင်ပို့သူအဖြစ် နှစ်ပေါင်းကြာရှည်ရပ်တည်ခဲ့သော တူရကီသည် ပုံမှန်အားဖြင့် သွင်းကုန်ဂျုံမှ ထုတ်လုပ်သည့်ဂျုံမှုန့်ကို တင်ပို့သူဖြစ်ကြောင်း တူရကီမှ သတင်းများကို အခြေခံ၍ world-grain.com သတင်းဌာနက ဖော်ပြထားသည်ကို တင်ပြအပ်ပါသည်။

Source: https://www.world-grain.com/

WTO ဌာနခွဲ

ကုန်သွယ်ရေးဦးစီးဌာန၊

https://www.commerce.gov.mm/

## အရှေ့တောင်အာရှတွင် လျှပ်စစ်ကားများ ရောင်းချရာ၌ Vinfast သည် ဒုတိယနေရာသို့ရောက်ရှိ

ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သည့် လျှပ်စစ်ကား Vinfast သည် အရှေ့တောင်အာရှတွင် ဒုတိယ ရောင်းအား အကောင်းဆုံးဖြစ်ကြောင်း VN Express International အွန်လိုင်းသတင်း ဖော်ပြချက်အရ သိရသည်။

Counterpoint Research ၏အဆိုအရ ဒေသတွင်း၌ EV ရောင်းအားသည် ဇန်နဝါရီမှ မတ်လအတွင်း နှစ်ဆကျော် တိုးလာခဲ့ကြောင်း၊ ICE ကားများ ရောင်းချမှုမှာ ၇ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမှထုတ်လုပ်သည့် BEV (Battery Electric vehicle) ရောင်းအားသည် ၄၀၀ ရာခိုင်နှုန်းကျော် တက်လာပြီး ဒေသတွင်းရောင်းအား၏ ၁၇ ရာခိုင်နှုန်းနီးပါးကို ပံ့ပိုးပေးခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နှင့်ကိုရီးယား ကားထုတ်လုပ်သူများအနေဖြင့် သမားရိုးကျကားရောင်းအားကို ပိုမိုအားထားလျက်ရှိပြီး EV ကားထုတ်လုပ်မှု နောက်ကျလျက်ရှိသည့်အတွက် တရုတ်နိုင်ငံ၏ OEM သည် အဆိုပါကွက်လပ်ကို ဖြည့်ဆည်းရန် ခြေလှမ်းပြင်လျက်ရှိကြောင်း Counterpoint မှ လေ့လာသုံးသပ်သူ Abhik Mukherjee ကပြောကြားခဲ့သည်။

ဒေသတွင်း EV ရောင်းချမှု၏ ၇၀ ရာခိုင်နှုန်း ကျော်သည် BYD ဦးဆောင်သော တရုတ်အမှတ်တံဆိပ်များဖြစ်ကြောင်း၊ ယခင်နှစ် ပထမသုံးလပတ်တွင် အရှေ့တောင်အာရှတွင် ရောင်းချသည့် EV များအားလုံး၏ ၇၅ ရာခိုင်နှုန်းကို တရုတ်ကား ထုတ်လုပ်သူများက ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ EV ထုတ်လုပ်မှု စက်ရုံသစ်များတည်ထောင်ရန် တရုတ်ကား ထုတ်လုပ်သူ များက အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ အမှတ်တံဆိပ်နှစ်ခုဖြစ်သည့် Toyota Motor နှင့် Honda Motor တို့သည် အရှေ့တောင်အာရှတွင် EV ရောင်းချမှုအားလုံး၏ ၅၅ ရာခိုင်နှုန်းရှိပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၄၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဖော်ပြထားပါသည်။ အမေရိကန်လျှပ်စစ်ကားထုတ်လုပ်သူ Tesla သည် ဒေသတွင်း၌ ၎င်း၏ဈေးကွက်ဝေစုကို ပထမသုံးလပတ်တွင် ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းထိ ကျဆင်းသွားသည်ကို မြင်တွေ့ခဲ့ရသော်လည်း အလားတူကာလတွင် Tesla ၏ရောင်းအား ၃၇ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ထိုင်းနှင့်အင်ဒိုနီးရှားတို့အပါအဝင် အရှေ့တောင်အာရှနိုင်ငံ အများအပြားသည် လျှပ်စစ်ကားများဝယ်ယူမှု အားပေးရန်နှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များကို ဆွဲဆောင်ရန် မက်လုံးများထုတ်လာမှုကြောင့် အရှေ့တောင်အာရှသည် တရုတ် OEMs များအတွက် အဓိကချဲ့ထွင်ရာ ဒေသဖြစ်လာကြောင်း ဖော်ပြထားသည်။

Source: VN Express International

(စီးပွားရေးသံမှူး ၊ ဗီယက်နမ်)

https://myantrade.gov.mm/

## ဗီယက်နမ်သည် တရုတ်ဈေးကွက်သို့ ငှက်ပျောသီး အဓိကပေးသွင်းသည့် ထိပ်တန်းနိုင်ငံဖြစ်လာ



ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမလေးလအတွင်း တရုတ်နိုင်ငံသို့ ငှက်ပျောသီး တန်ချိန် ၃၅၅၀၀၀ တင်ပို့လျက် ၎င်းဈေးကွက်သို့ ငှက်ပျောသီး အများဆုံးတင်ပို့သည့် ထိပ်တန်းနိုင်ငံအဖြစ် ရောက်ရှိလာကြောင်း၊ အဆိုပါပမာဏသည် ဒုတိယအကြီးဆုံးတင်ပို့သူ ဖိလစ်ပိုင်မှ တင်ပို့သည့် ပမာဏ၏ ၂ ဒသမ ၄ ဆရှိပြီး တရုတ်နိုင်ငံမှ ငှက်ပျောသီး တင်သွင်းမှု၏ ၄၈ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း၊ ဗီယက်နမ်အနေဖြင့် ကမ္ဘာ့ဒုတိယအများဆုံး ငှက်ပျောသီးတင်ပို့သည့် ဖိလစ်ပိုင်နိုင်ငံကို ကျော်တက်အောင် စွမ်းဆောင်နိုင်ခဲ့သည်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ဗီယက်နမ်၏ငှက်ပျောသီးတင်ပို့မှုမှာ ပမာဏအားဖြင့် နှစ်အလိုက် နှိုင်းယှဉ်တိုးတက်မှု ၂၂ ရာခိုင်နှုန်း ရှိသော်လည်း ငှက်ပျောသီးဈေးနှုန်းသည် ၁၆ ရာခိုင်နှုန်းလျော့နည်းလျက် တစ်တန်လျှင် ၄၀၇ ဒသမ ၇ အမေရိကန်ဒေါ်လာသို့

ကျဆင်းခဲ့သဖြင့် တန်ဖိုးအားဖြင့် ၃ ရာခိုင်နှုန်းသာ တိုးတက်ပြီး ဒေါ်လာ ၁၄၅ သန်းသာ ဝင်ငွေရရှိခဲ့သည်။

ထိုကဲ့သို့ ဈေးနှုန်းကျဆင်းရခြင်းမှာ တရုတ်နိုင်ငံသို့ ငှက်ပျောသီး ရောင်းချသူ အများအပြားရှိသည့်အတွက် ပြိုင်ဆိုင်မှုရှိခြင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့အပြင် အခြားနိုင်ငံများမှ ငှက်ပျောသီးပမာဏ အမြောက်အမြား တင်သွင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ ငှက်ပျောသီးအထွက်ပမာဏနှင့် အရည်အသွေးတို့ကျဆင်းခဲ့ရာ ဗီယက်နမ် အနေဖြင့် ဖိလစ်ပိုင်ထက်ပိုမို၍ တင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း Dong Nai ခရိုင်ရှိ ငှက်ပျောသီး တင်ပို့ရောင်းချသည့် ကုမ္ပဏီတစ်ခုမှ အမှုဆောင်အရာရှိတစ်ဦးက VnExpress သို့ ပြောကြားခဲ့သည်။

ဖိလစ်ပိုင်မှတရုတ်နိုင်ငံသို့ သင်္ဘောတင်ပို့မှု ကုန်ကျစရိတ်မှာ ယခုနှစ်တွင် မြင့်တက်လာခဲ့ပြီး ဖိလစ်ပိုင်မှ ငှက်ပျောသီးသည် ဗီယက်နမ်ထက် ဈေးနှုန်း ၃၃ ရာခိုင်နှုန်းပိုမိုကြောင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ကဲ့သို့သော အရှေ့တောင်အာရှ နိုင်ငံများရှိ အဓိကရောင်းချသူများမှာ စရိတ်စကများမြင့်တက်လာမှုနှင့် ရင်ဆိုင်နေရကြောင်း၊ ကမ္ဘာ့ထိပ်တန်း သစ်သီးဝလံ တင်ပို့သူ အီကွေဒေါသည် တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့ရန် ကြိုးပမ်းနေသော်လည်း သယ်ယူပို့ဆောင်စရိတ် ကြီးမြင့်မှုနှင့် ရင်ဆိုင်နေရကြောင်းဖြင့် ဗီယက်နမ်သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အသင်းမှ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ငှက်ပျောသီးတင်ပို့မှုတိုးမြှင့်ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးချိန်မှစ၍ ဗီယက်နမ်၏တင်ပို့မှုမှာ မြင့်တက်လာခဲ့ကြောင်း၊ မလေးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဂျပန်နှင့်ကာတာနိုင်ငံများသို့လည်း ငှက်ပျောသီးများ ပိုမိုတင်ပို့လျက်ရှိကြောင်း၊ ယခုနှစ်တွင် ဗီယက်နမ်၏ သစ်သီးဝလံပို့ကုန်စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံခန့်ရှိပြီး ယခင်နှစ်ထက် ၂၈ ရာခိုင်နှုန်းမြင့်တက်လာကာ ငှက်ပျောသီးသည် ဒူးရင်းသီးနှင့် နဂါးမောက်သီးတို့ နောက်တွင် တတိယမြောက် အများဆုံးပို့ကုန်ဖြစ်လာခဲ့ကြောင်း သိရသည်။

**Source: VN Express International, 13 June, 2024**

https://www.doca.gov.mm/

## STOCK EXCHANGE (27.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,812 (Shares) | 47,920,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +100 | +1.11% | 9,100 | 9,100 | 9,100 | 1,280 | 11,648,000 | 33,109,694 | 301,298 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,350 | 3,400 | 3,350 | 3,716 | 12,452,100 | 38,929,150 | 132,359 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 7 | 58,100 | 10,400,986 | 86,328 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 9,515 | 16,651,250 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,750 | 2,850 | 2,750 | 176 | 489,200 | 12,823,224 | 36,546 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 640 | 1,232,550 | 19,977,223 | 38,956 |
| AMATA | 00007 | 4,800 | -200 | -4.00% | 4,800 | 4,800 | 4,800 | 260 | 1,248,000 | 10,497,598 | 50,389 |
| MAEX | 00008 | 3,400 | +50 | +1.49% | 3,400 | 3,400 | 3,400 | 1,218 | 4,141,200 | 23,804,946 | 80,937 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 27th Jun. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.86 | +1.76 | +0.43% | 410.53 | 412.86 | 410.53 | 16,812 | 47,920,400 | 8 | 778,726 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 28th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,625 (Shares) | 32,936,400 (MMK) |

| MYANPIX | 410.09 ▼ 2.77 |
|---|---|
| Total Volume (shares) | 9,625 |
| Total Value (MMK) | 33 mil |
| Listed Company | 8 |
| Market Cap. (MMK) | 773,510 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 100 |
| MTSH | 00002 | 3,350 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,900 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 0 |